# ပန်းစကား

အရှင် ဉာဏိက

တိုက်တိုက်ဆိုင်ဆိုင်လို့ ပြောရမှာပါ၊ ဝင်းဝင်းပပ သာနေတဲ့လရယ်၊ တဖြူးဖြူး တိုက်ခတ်နေတဲ့ လေပြေညင်းလေးရယ်၊ တိတ်ဆိတ်စွာ အိပ်မောကျနေတဲ့ ညတစ်ညရယ်၊ မိုးတိမ်မိုးသားတွေကလည်း ကင်းစင်နေတာမို့ ကြယ်ကလေးတွေ တဖျတ်ဖျတ် လင်းလက်နေတဲ့ ကောင်းကင်ပြာပြာကြီးရယ်၊ အကွယ်အကာမဲ့ တိုက်တစ်တိုက်ရဲ့ အမိုးလေဟာပြင်ကနေ မြင်ရတဲ့ ညတစ်ညရဲ့ အလှဟာဖြင့် ပြောပြလို့ မကုန်နိုင်အောင်ပါပဲ။



စာရေးသူနေခွင့်ရတဲ့ အဆောင်ရဲ့ ခြေရင်းထောင့်မှာ ပုန်းညက်ပင်သုံးပင် တန်းစီစိုက်ထားပါတယ်၊ အဆောင်အဒုံနဲ့ နီးလွန်းတာကြောင့် ပုန်းညက်ပင်များကို သိပ်ပြီးကြီးထွားခွင့် မပေးနိုင်ပါဘူး၊ တော်တော်လေးမြင့်လာတာနဲ့ အပေါ်အဖျားပိုင်းက အကိုင်းအခက်တွေကို မကြာမကြာ ဖြတ်ပြီးတော့ ပေးရပါတယ်၊ဒီတော့လည်း ပုန်းညက်ပင်လေးတွေဟာ အထက်ကို တက်ခွင့်မရနိုင်တော့ဘဲ ဘေးဘက်ဆီသို့သာ အခက်အလက်တို့ ဖြာရတော့တယ်ပေါ့၊ ပုန်းညက်ပင်လေးတွေရဲ့ ပုံပန်းသဏ္ဍာန်ဟာ ပုပုဝိုင်းဝိုင်းလေးတွေနဲ့ဆိုတော့ တစ်မျိုးချစ်စရာကောင်းသွားပြန်တာပေါ့လေ၊ မကြာမကြာ ကိုင်းဖျားတွေကို ဖြတ်တောက်ခဲ့ရတာကြောင့် ကျန်ရှိနေတဲ့ ကိုင်းတွေမှာပဲ အရွက်တွေကအားပေးထွက်ရတာမို့ ပုန်းညက်ပင် လေးတွေဟာ နေပြောက်မထိုးနိုင်လောက်အောင်ကိုပဲ အရွက်တွေ စိပ်လို့ပေါ့။

ပုန်းညက်ပင်ရဲ့ အောက်မှာတော့ အပြာရောင်နုနု ကြွေပြားလေးတွေ ကပ်စီထားတဲ့ ရှည်မျောမျော ခုံတန်းလေးတစ်ခုရယ်၊ ခုံတန်းလေးနဲ့ မျက်နှာချင်းမှာတော့ ရောက်စုံကြွေပြားများနဲ့ တန်ဆာဆင်ထားတဲ့ ခေတ်ပေါ်ပုံစံ ရေအိုးစင်ကလေးတစ်ခုရှိတယ်ပေါ့၊ နေ့လယ်နေ့ခင်းများမှာဆိုရင် ရေအိုးစင်က ရေအေးအေးလေးကို သောက်ပြီး ခုံတန်းလျားလေးပေါ် သက်သောင့်သက်သာ အနားယူနေတတ်တဲ့ သူတချို့ကို ရံခါဆိုသလို တွေ့ရတတ်ပါတယ်။

စာရေးသူကိုယ်တိုင် ပုန်းညက်ပင်တန်းအောက်က ခုံတန်းလျားလေးပေါ်မှာ အနားယူအပန်းဖြေ ထိုင်ခဲ့ဖူးပေမယ့် ခုလို လရောင်ဖြာတဲ့ ညတစ်ညမှာ ပုန်းညက်ပင်လေးတွေရဲ့ အပေါ်ဘက်ကနေ မိုးကြည့်ပြီး ပုန်းညက်ပင်လေးတွေကနေပေးတဲ့ မွှေးမြလှတဲ့ ရနံ့လေးကိုတော့ သေသေချာချာ မရှူရှိုက်ခဲ့ဖူးပါဘူး၊ ဒီတစ်ညမှာတော့ ပြောခဲ့သလို ညတစ်ညရဲ့ အလှပေါင်းစုံကို တစ်ပြိုင်တည်း တွေ့ကြုံခံစားရတာကြောင့် အိပ်မပစ်ရက်နိုင်လောက်အောင် ဖြစ်ရတာမို့ လရောင်လည်းဖြာ၊ လေပြေလည်းခ၊ တိတ်ဆိတ်စွာ လှနေတဲ့ ညတစ်ညမှာ မွှေးမြလှတဲ့ ပန်းရနံ့ကို ကျေနပ်စွာ ရှူရှိုက်မိရပါတယ်ပေါ့။

တိုက်တိုက်ဆိုင်ဆိုင်လို့ ပြောခဲ့ပါတယ်၊ ဘာကြောင့် ဒီလို ပြောရတာလဲဆိုတာကိုလည်း ပြောပြချင်ပါတယ်၊ ရှိသေလေးစားရတဲ့ ဆရာတော်အရှင်မြတ်တစ်ပါးက အမိန့်ရှိဖူးပါတယ်၊ စာရေးသူကို "မင်း ခုဘာစာတွေ ဖတ်နေတုန်း"တဲ့၊ စာရေးသူက "ဒီလိုပါပဲဘုရား၊ ဘာစာရယ်လို့ တိတိကျကျ မပြောနိုင်ပါဘူး၊ ကောင်းနိုးရာရာတွေကို ရွေးပြီး ဖတ်ဖြစ်ပါတယ်"လို့ ပြန်ကြားလျှောက်ထားတော့ "အေး ဘုန်းဘုန်း အကြံပေးမယ်၊ တို့ ဗုဒ္ဓဘာသာရဲ့ ပိဋကတ်ကျမ်းဂန်တွေထဲမှာ လူတန်းစားအသီးသီး၊ ပုဂ္ဂိုလ်မရွေး၊ သင့်တော်တဲ့ အဆုံးအမတွေ၊ ဥပဒေသတွေရှိတယ်၊ အဲဒါ အရင်က ပါဠိစာပေအနေနဲ့ ရှိတာဆိုတော့ ပါဠိဘာသာ မကျွမ်းကျင်တဲ့သူတွေအတွက် အလှမ်းမမီနိုင်သလို ဖြစ်နေတယ်၊ ခုတော့ မြန်မာပြန် ကျမ်းစာတွေအဖြစ် ရှိနေပြီမို့ မြန်မာစာဖတ်တတ်သူတိုင်း ဖတ်ရှုနားလည်နိုင်ပြီ၊ ဗုဒ္ဓရဲ့ သဗ္ဗညုတ ဉာဏ်တော်စွမ်းအားနဲ့ ဟောကြားထားတဲ့ တရားတော်များဆိုတော့ တချို့ နားမလည်နိုင်တာတော့ ရှိမှာပေါ့၊ ဒါပေမဲ့ အဲဒါကလည်း အနည်းအကျဉ်းလောက်ပါပဲ၊ ဗုဒ္ဓကိုယ်တော်တိုင်ကိုက သာမန်လူတန်းစားတွေ နားလည်နိုင်အောင် ဥပမာ ဥပမေတွေနဲ့ ဟောထားခဲ့တာဆိုတော့ နားလည်နိုင်တာ များပါတယ်၊ ဒါကြောင့် ပိဋကတ် မြန်မာပြန်ကျမ်းစာများကို ဝတ်တစ်ခုထားပြီး တဖြည်းဖြည်း ဖတ်ကြည့်စမ်းပါ"လို့ အထူးတလည် အမိန့်ရှိခဲ့ဖူးပါတယ်။

ဒါကြောင့် အားလပ်လို့ ကိုယ်ပိုင်စာကြည့်ချိန်ရတာနဲ့ ပိဋကတ်မြန်မာပြန်ကျမ်းစာများကို ဖတ်ဖြစ်ခဲ့တာ အချိန်အတော်ကြာခဲ့ပါပြီ၊ ခု ညဦးပိုင်းမှာတော့ ပုဂ္ဂလပညတ် မြန်မာပြန်ကျမ်းကို ဖတ်ဖြစ်ခဲ့ပါတယ်၊ အဲဒီမှာ ဘာဖတ်ခွင့် ရခဲ့သလဲဆို

တော့ လောကမှာ မစင်နဲ့တူတဲ့ စကားရှိတဲ့ “ဂူထဘာဏီ” ပုဂ္ဂိုလ်ရယ်၊ ပန်းနဲ့တူတဲ့ စကားရှိတဲ့ “ပုပ္ဖဘာဏီ” ပုဂ္ဂိုလ်ရယ်နဲ့ ပျားနဲ့တူတဲ့ စကားရှိတဲ့ “မဓုဘာဏီ”ရယ်လို့ ပုဂ္ဂိုလ်သုံးမျိုးသုံးစားရှိကြောင်း ပုဂ္ဂလပညတ်မှာ ဗုဒ္ဓက မိန့်တော်မူထားပါတယ်။

မစင်နဲ့တူတဲ့ စကားရှိတဲ့ “ဂူထဘာဏီ”ပုဂ္ဂိုလ် ဆိုတာကတော့ ဆွေမျိုးသဘင်၊မင်းပရိတ်သတ်တို့အလယ်မှာ မဟုတ်မမှန်တဲ့စကားကို ပြောဆိုတဲ့ပုဂ္ဂိုလ်ကို ခေါ်ဆိုကြောင်း ဆက်လက်မိန့်တော်မူပါတယ်၊ သက်သေအဖြစ် ခေါ်ယူမေးမြန်းရာမှာလည်း မသိတာကို အသိ၊ သိတာကို မသိလုပ်ပြီး၊ ဗလောင်းဗလဲ ပြုလုပ်တတ်သူ၊ မိမိအကြောင်းကြောင့်ပဲ ဖြစ်ဖြစ်၊ သူတစ်ပါးအကြောင်းကြောင့်ပဲ ဖြစ်ဖြစ်၊ အနည်းငယ်မျှသော တံစိုးလက်ဆောင်ကြောင့်ပဲ ဖြစ်ဖြစ်၊ သိလျက် ချို့ယွင်းသောစကားကို ပြောဆိုတဲ့ပုဂ္ဂိုလ်ကို “ဂူထဘာဏီ”ပုဂ္ဂိုလ် –မစင်နဲ့တူတဲ့ စကားရှိတဲ့ပုဂ္ဂိုလ်ရယ်လို့ မိန့်ဆိုထားတာကို ဖတ်ရှုရပါတယ်။

ပန်းနဲ့တူတဲ့ စကားရှိတဲ့ “ပုပ္ဖဘာဏီ”ပုဂ္ဂိုလ်ကိုတော့ ဆွေမျိုးသဘင် မင်းပရိတ်သတ်တို့အလယ်မှာ မဟုတ်မမှန်တာကို မပြောဘဲ၊ ဟုတ်တိုင်းမှန်ရာကိုသာ ရဲရဲဝံ့ဝံ့ ပြောဆိုတဲ့ ပုဂ္ဂိုလ်မျိုးကို ခေါ်ဆိုကြောင်း မိန့်တော်မူပါတယ်။

“ပုပ္ဖဘာဏီ”ပုဂ္ဂိုလ် ကတော့ သက်သေအဖြစ် ခေါ်ယူမေးမြန်းရာမှာ မသိတာကို မသိတဲ့အကြောင်း၊ သိတာကို သိတဲ့အကြောင်း၊ မမြင်တာကို မမြင်တဲ့အကြောင်း၊ မြင်တာကို မြင်တဲ့အကြောင်း၊ အမှန်အတိုင်း ပြောဆိုသူကို ခေါ်ဆိုကြောင်းနှင့် မိမိအကြောင်းကြောင့်ပဲ ဖြစ်ဖြစ်၊ သူတစ်ပါးအကြောင်းကြောင့်ပဲ ဖြစ်ဖြစ်၊ ဖောက်ပြန်ချွတ်ယွင်းတဲ့စကားကို မဆိုဘဲ မှန်မှန်ကန်ကန် အရှိကို အရှိအတိုင်း၊ ပကတိအတိုင်း ပြောဆိုသူကိုသာ ခေါ်ကြောင်း မိန့်တော်မူပါတယ်။

ပျားနဲ့တူတဲ့စကားရှိတဲ့ “မဓုဘာဏီ” ပုဂ္ဂိုလ်ကတော့ ပြောတဲ့စကားကလည်း အပြစ်ကင်းတယ်၊ ကြားရသူများလည်း နားချမ်းသာတယ်၊ နှစ်လိုဖွယ်ဖြစ်ပြီး နှလုံးသို့ သက်ဝင်တယ်၊ လူအများကလည်း မြတ်နိုးတယ်၊ အဲဒီစကားမျိုးကို ပြောဆိုတဲ့ ပုဂ္ဂိုလ်မျိုးကို ခေါ်ဆိုကြောင်း မိန့်တော်မူပါတယ်။

ပုန်းညက်ပန်းနံ့လေးကို အားပါးတရ ရှိုက်ရှူရင်း ဗုဒ္ဓမိန့်တော်မူတဲ့ ပုဂ္ဂိုလ်သုံးမျိုးရဲ့ ကွဲပြားခြားနားမှုကို စိတ်ဖြာမိတာ သဘာဝကျလှပါတယ်၊ ပိုပြီးတော့လည်း နားလည်သဘောပေါက်မိပါတယ်။

စာရေးသူတို့တတွေဟာ မစင်နံ့ကိုတော့ ရှူရှိုက်လိုကြမယ် မဟုတ်ပါဘူး၊ မစင်ကို ရွံရှာရာမှာ အနံ့တင်လားဆိုတော့ မဟုတ်ပါဘူး၊ ဘယ်လောက်ပဲ အရသာရှိရှိ ချက်ပြုတ်ပြီး အဆန်းတကြယ် ပြင်ဆင်ထားတဲ့ အစာအာဟာရပဲ ဖြစ်ပါစေ၊ မစင်တစ်စက်လောက် ကျမှန်းသိပါက ဘယ်သူမှ နှစ်ခြိုက်လိုလားစွာ စားသုံးလိုကြမယ် မဟုတ်ပါဘူး၊ မစင်ရဲ့သဘာဝဟာ အဲဒီလောက်ထိ ရွံမုန်းဖွယ် ဖြစ်တာပါ။

ဗုဒ္ဓက မဟုတ်မမှန် ပြောဆိုတတ်တဲ့ပုဂ္ဂိုလ်၊ ဗလောင်းဗလဲ အပြောင်းအလဲများစွာနဲ့ လိမ်ညာလှည့်စား မဟုတ်မတရား ပြောဆိုတတ်တဲ့ ပုဂ္ဂိုလ်မျိုးကို မစင်နဲ့တူတဲ့စကားရှိတဲ့ “ဂူထဘာဏီ”ပုဂ္ဂိုလ်လို့ ခိုင်းနှိုင်းပြီး ဟောကြားတော်မူတာဟာဖြင့် အလွန်မှပဲ ဆီလျော်သဘာဝ ကျလှပါတယ်။

စာရေးသူတို့ပတ်ဝန်းကျင်မှာလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုး၊ အမျိုးမျိုးပြောင်းလဲပြီး ဗလောင်းဗလဲပြောတတ်တဲ့ ပုဂ္ဂိုလ်မျိုး၊ မဟုတ် မတရား၊ ငါ့စကား နွားရ၊ မစားရ ဝခမန်း၊ ညာဝါးဖြီးဖြန်းပြီး အရမ်းကာရော မဆင်မခြင် ပြောတတ်တဲ့ပုဂ္ဂိုလ်မျိုး၊ တံစိုးလက်ဆောင်၊ ဂုဏ်လာဘ်လာဘ၊ ရာထူးဌာနန္တရ မျှော်ကိုးပြီး ကိုယ်ကျိုးစီးပွား တစ်ခုအတွက် တစ်ပါးသူ ဘယ်လိုပဲ ပျက်ပျက်ဆိုတဲ့ စေတနာဆိုးနဲ့ ပြောဆိုတတ်တဲ့ ပုဂ္ဂိုလ်မျိုးတွေလည်း ရှိတတ်ပါတယ်၊ အဲဒီ ပုဂ္ဂိုလ်မျိုးကိုတော့ မစင်ကို ရွံရှာမုန်းတီးသလို ပတ်ဝန်းကျင်ကလည်း မုန်းတီးရွံရှာကြပါတယ်၊ ဗုဒ္ဓကတော့ အဲဒီပုဂ္ဂိုလ်မျိုးကို “ဂူထဘာဏီ”ပုဂ္ဂိုလ်ရယ်လို့ မိန့်တော်မူထားပါတယ်။

ဗုဒ္ဓရဲ့ ရည်ရွယ်တော်မူလိုရင်းက အဲဒီ ဂူထဘာဏီပုဂ္ဂိုလ်မျိုး မဖြစ်ကြစေဖို့ပဲ ဖြစ်ပါတယ်၊ တကယ်လို့ စာရေးသူတို့ကိုယ်တိုင် အကြောင်းတစ်မျိုးမျိုးကြောင့် မစင်နဲ့တူတဲ့စကားမျိုးကို ဆိုခဲ့ရင်တောင်မှ နောင်အခါမှာ ဂူထဘာဏီပုဂ္ဂိုလ်မျိုး၊ မစင်နဲ့တူတဲ့စကားမျိုးကို ဆိုမိတဲ့သူမျိုး မဖြစ်ရလေအောင် အထူးပဲ စောင့်စည်းဆင်ခြင်သင့်လှပါတယ်၊ ဒီလိုမှ မဟုတ်ဘဲ မစင်နဲ့တူတဲ့စကားမျိုးကို စာရေးသူတို့တတွေ ပြောဆိုနေမယ်ဆိုရင်တော့ မစင်ကို အများသူငါ ရွံမုန်းသလို စာရေးသူတို့တတွေလည်း အများသူငါ ရွံမုန်းစရာ ပုဂ္ဂိုလ်မျိုး ဖြစ်နေလေမှာ သေချာလှပါတယ်။

လေပြည်နဲ့အတူ ပျံ့လွင့်လာတဲ့ ပုန်းညက်ပန်းရနံ့လေဟာ ရှိုက်ရှူလို့ မဝနိုင်သလို၊ ရှိုက်ရှူခွင့်ရခဲ့တဲ့ စာရေးသူတို့ရဲ့ စိတ်များကို ကြည်နူးနှစ်သက် ဖြစ်ရသလို၊ ပန်းနဲ့အလားသဏ္ဍာန်တူတဲ့ စကားမျိုးကို ပြောတတ်တဲ့သူမျိုးကိုလည်း အများတကာက တွေ့လို၊ မြင်လို၊ ဆက်ဆံလိုကြပါလိမ့်မယ်၊ ပန်းနဲ့အလားတူတဲ့ စကားမျိုးကို ပြောတတ်တဲ့သူမျိုးရဲ့ ဂုဏ်သတင်းမျိုးဟာလည်း ကောင်းမြတ်တဲ့၊ အများသူငါ ကြားလိုတဲ့ သတင်းမျိုးသာ ဖြစ်မှာ မလွဲပါဘူး။

ဒီတော့ စာရေးသူတို့အနေနဲ့ နူးညံ့ပြေပြစ်တဲ့စကား၊ သာယာချေငံတဲ့စကား၊ စေ့စပ်ဆွေးနွေးရေးစကား၊ ခိုက်ရန်မဖြစ်ရတဲ့စကားမျိုးကိုသာ ပြောဆိုတတ်တဲ့သူမျိုး ဖြစ်ဖို့ အမှန်ပင်လိုအပ်လှပါတယ်။

ပန်းနဲ့တူတဲ့ စကားမျိုးကို ပြောဆိုခဲ့မယ်ဆိုရင်တော့ ပန်းသတင်း လေညင်းဆောင်၊ လူသတင်း လူချင်းဆောင် ဆိုသလို စာရေးသူတို့ရဲ့ ကောင်းမြတ်ခြင်း ဂုဏ်သတင်းဟာ ကမ္ဘာအနှံ့ ကြိုင်သင်းပျံ့နှံ့သွားလေမှာ မလွဲပါဘူး။

ဒီထက် တိတိကျကျပြောရရင် ပန်းရနံ့ဟာ ပန်းရှိခိုက်မှာသာ ရနံ့သင်းတာပါ၊ စာရေးသူတို့မှာ ပန်းနဲ့တူတဲ့စကားရှိတဲ့အတွက် ဂုဏ်သတင်း ပျံ့သင်းခဲ့မယ်ဆိုရင် စာရေးသူတို့ ရုပ်နာမ်ခန္ဓာအစဉ် ဒီကမ္ဘာမြေအပြင်က ပျောက်ကွယ်သွားသည့်တိုင် စာရေးသူတို့ရဲ့ ကောင်းမြတ်ခြင်း ဂုဏ်သတင်းကတော့ နောင်အဆက်ဆက် ပျံ့သင်းပြီး ကျန်ရစ်နေလေဦးမှာပါ။

ဒါကြောင့် စာရေးသူတို့အနေနဲ့ ပန်းနဲ့တူတဲ့စကားရှိတဲ့ သူမျိုးဖြစ်ဖို့ ကြိုးစားသင့်လှပါတယ်ဆိုတဲ့ အတွေးတစ်ခုကို ပုန်းညက်ပန်းရနံ့ကို မဝနိုင်စွာ ရှူရှိုက်ရင်း ဆင်ခြင်နေမိပါတော့တယ်။

ဒီစာကို ရေးနေဆဲအခိုက်မှာတောင် မွှေးမြလှလို့ နမ်းမဝတဲ့ "ပုန်းညက်ပန်း"လေးရဲ့ သင်းရနံ့ကို လွမ်းတမ်းတလို့ နေမိပါသေးတယ်။ ။